**ASIA WORLD PORT MANAGEMENT CO., LTD.**
ASIA WORLD PORT TERMINAL, KWIN CHAUNG ST., AHLONE, YANGON, MYANMAR
T: 210601, 210747, 211561, 212913, 212915 F: (95-1)210598

**Press Release**

# အေးရှားဝေါလ်ဆိပ်ကမ်းစီမံခန့်ခွဲမှု “AWPM” မှ ကူးစက်မြန်ရောဂါ COVID-19 ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ ပေးအပ်လှူဒါန်း

**ရန်ကုန် - မေလ ၁၉ ရက် ၊ ၂၀၂၀ ခုနှစ်** - အေးရှားဝေါလ်ကုမ္ပဏီလုပ်ငန်းစု၏ ဆိပ်ကမ်းလုပ်ငန်းခွဲဖြစ်သော အေးရှားဝေါလ် ဆိပ်ကမ်းစီမံခန့်ခွဲမှု “AWPM” မှ ကမ္ဘာ့ကူးစက်မြန်ကပ်ရောဂါ COVID-19 ကို တိုက်ထုတ်ရာတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီပေးနိုင်ရန် ကူးစက်ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ ပေးအပ်လှူဒါန်းခဲ့သည်။ အဆိုပါအခမ်းအနားကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးခန်းတွင် ပြုလုပ်ခဲ့ပြီး မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးဖြစ်သူ ဦးနီအောင်နှင့်အဖွဲ့ နှင့် အေးရှားဝေါလ်ဆိပ်ကမ်းစီမံခန့်ခွဲမှုအဖွဲ့တို့မှ တက်ရောက်ခဲ့ကြပါသည်။



*မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးဖြစ်သူ ဦးနီအောင်မှ အထောက်အကူပြုပစ္စည်းများကို လက်ခံရယူစဉ်။*

**ပါဝင်လှူဒါန်းခဲ့သည့် ဆေးဝါးအထောက်အကူပြုပစ္စည်းများစာရင်း။**

| | |
|---|---|
| **၁. တစ်ခါသုံး Mask** | **x အခု ၁၀၀၀** |
| **၂. အပူချိန်တိုင်းကရိယာ** | **x အခု ၅၀** |
| **၃. PPE ဝတ်စုံ** | **x အစုံ ၁၀၀** |
| **၄. လက်အိတ်** | **x အစုံ ၃၀၀၀** |
| **၅. အကာအကွယ်မျက်မှန်** | **x အခု ၄၃၀** |
| **၆. လက်သန့်ဆေးရည် (၅၀၀ မီလီလီတာ)** | **x ဘူး ၁၂၀** |
| **၇. လက်သန့်ဆေးရည် (၁၀၀ မီလီလီတာ)** | **x ဘူး ၃၆၀** |

COVID – 19 ဖြစ်ပွားမှုကြောင့် မြန်မာနိုင်ငံသည် အဘက်ဘက်မှ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီး လိုအပ်သည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာစီမံချက်များကိုလည်း ထိထိရောက်ရောက် လုပ်ဆောင်လျက်ရှိပါသည်။ ယခု AWPM ၏ လှူဒါန်းမှုသည် ပြည်သူလူထု၏ ကျန်းမာရေးနှင့် COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အားဖြည့်ပါဝင်ကူညီ ပေးနိုင်ရန် ရည်ရွယ်ပါသည်။

အေးရှားဝေါလ်ဆိပ်ကမ်း၏ ဒါရိုက်တာဖြစ်သူ ဦးစိုင်းမြင့်သိန်းမှလည်း "ကျွန်တော်တို့ AWPM နဲ့ အေးရှားဝေါလ် ဆိပ်ကမ်း အဖွဲ့ဟာ ဒီကမ္ဘာ့ကူးစက်မြန်ကပ်ရောဂါကို တစ်ယောက်တည်း မတိုက်ထုတ်နိုင်ဘူးဆိုပေမယ့် ကျွန်တော်တို့ရဲ့ လုပ်ဖော် ကိုင်ဖက်တွေ သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းတွေနဲ့ အတူတကွပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် ဒီအခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်မယ်လို့ ယုံကြည်ပါတယ်။" ဟု ပြောကြားသွားခဲ့ပါသည်။

***We are in this together!***

*#APWT # Support #AWPM #COVID19 #Prevention*

**- END -**

**အေးရှားဝေါလ်ဆိပ်ကမ်းအကြောင်း**

နိုင်ငံ၏ ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အညီ ရေရှည်ဝန်ဆောင်မှုပေးနိုင်ရန် မျှော်မှန်းတည်ဆောက် ထားသော အေးရှားဝေါလ်ဆိပ်ကမ်းသည် ၁၉၉၆ခုနှစ်တွင် စတင်ခဲ့သည့် ပထမဆုံးပြည်တွင်းပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုဖြစ်ပြီး ရန်ကုန်မြို့၏ ဆိပ်ကမ်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်သည့် အမျိုးသားရေးပဏာမခြေလှမ်း၏ တစ်စိတ်တစ်ပိုင်းဖြစ်ပါသည်။

ထိုအချိန်မှစ၍ အေးရှားဝေါလ်ဆိပ်ကမ်းသည် နိုင်ငံတကာအဆင့်မီဆိပ်ကမ်းတစ်ခုအဖြစ် ရပ်တည်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးမှုနှင့်အညီ မြင့်မားလာမည်ဖြစ်သော ကုန်စည်စီးဆင်းမှုနှင့်တပြေးညီ အဆင့်မြင့်ဝန်ဆောင်မှုများပေးစွမ်းနိုင်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ နှင့် ကျွမ်းကျင်လုပ်သားဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်ရန် အေးရှားဝေါလ်ဆိပ်ကမ်းအနေဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။